# ရွှေနေများ၊ နိုင်ငံခြားသားရှေ့နေများ၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများအတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းဆိုင်ရာ ကြေညာချက်

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ (ဗဟိုအဖွဲ့)၏ ၁၄-၃-၂၀၂၂ ရက်စွဲပါ အမိန့်အမှတ် (၁/၂၀၂၂) ဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာနအား ရှေ့နေများ၊ နိုင်ငံခြားသားရှေ့နေများနှင့် ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ (ရှေ့နေရှေ့ရပ်များ) အပေါ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်စေရေးအတွက် ကြီးကြပ်ရေးအာဏာပိုင်အဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

**ကြီးကြပ်ရေးအာဏာပိုင်က ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

၂။ ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာနသည် ရှေ့နေရှေ့ရပ်များအပေါ် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း (၉) ပါ ပြဋ္ဌာန်းချက်များအရ ထိန်းသိမ်းကြီးကြပ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းလုပ်ငန်းများ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် တရားရုံးများ၊ တရားလွှတ်တော်ရှေ့နေများကောင်စီ၊ ရှေ့နေအသင်းများ၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာနသည် **ဗဟိုအဖွဲ့၏ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအတွက် ကြီးကြပ်စစ်ဆေးမှုဆိုင်ရာလမ်းညွှန်ချက်**နှင့်အညီ အောက်ဖော်ပြပါလုပ်ငန်းစဉ်များ ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို လုပ်ငန်းခွင်ပြင်ပ (Offsite) စဉ်ဆက်မပြတ်စောင့်ကြည့်ခြင်း၊

(ခ) ကွင်းဆင်းစစ်ဆေးခြင်းများအတွက် စီမံချက်ရေးဆွဲခြင်း၊

(ဂ) လုပ်ငန်းခွင်သို့ ကွင်းဆင်း (Onsite) စစ်ဆေးခြင်း၊

(ဃ) ကွင်းဆင်းစစ်ဆေးမှုနှင့် ကြီးကြပ်ရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်များ၏ ရလဒ်များကို သတင်းပေးပို့ခြင်း၊

၄။ အပိုဒ် ၃ ပါ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ အစီအစဉ်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) လုပ်ငန်းခွင်ပြင်ပစစ်ဆေးခြင်း (Offsite)ကို စစ်တမ်းလွှာမေးခွန်းများ ဖြေကြားစေရန် ဆောင်ရွက်ခြင်း၊

(ခ) လုပ်ငန်းခွင်ပြင်ပစစ်ဆေးခြင်း (Offsite) စစ်တမ်းလွှာမေးခွန်းများအား မှန်ကန်ပြည့်စုံစွာ ဖြေကြားပြီး ပေးပို့လက်ခံရရှိသည့်ရက်မှ (၁၄)ရက်အတွင်း ရှေ့နေရှေ့ရပ်နှင့် စစ်ဆေးရေးဌာနသို့ ပြန်လည်ပေးပို့စေရန် ဆောင်ရွက်ခြင်း၊

(ဂ) ဖြေကြားပေးပို့သည့် စစ်တမ်းလွှာတွင် ဖြေကြားချက်များအပေါ် ဆုံးရှုံးနိုင်ခြေအန္တရာယ် အကဲဖြတ်ရလဒ် သတ်မှတ်ချက်အရ လိုအပ်သော အခြေအနေတွင် လုပ်ငန်းခွင်သို့ ကွင်းဆင်းစစ်ဆေးခြင်း (Onsite) ဆောင်ရွက်ခြင်း၊

(ဃ) လုပ်ငန်းခွင်ပြင်ပစစ်ဆေးခြင်း (Offsite)/ ကွင်းဆင်းစစ်ဆေးခြင်း (Onsite) လုပ်ငန်းရပ်အား ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ရှေ့နေအသင်း/ Law Firm တို့မှ သင့်တော်သူတစ်ဦးဦးကိုဖြစ်စေ၊ အခြားသင့်တော်သူတစ်ဦးဦးကိုဖြစ်စေ တာဝန်ခံပုဂ္ဂိုလ်တစ်ဦးဦးအား ရွေးချယ်သတ်မှတ်၍ ဆက်သွယ်ဆောင်ရွက်ခြင်း။

**ရှေ့နေရှေ့ရပ်များက လိုက်နာဆောင်ရွက်ရမည့်အချက်များ**

၅။ ရှေ့နေများနှင့် နိုတြီပဗ္ဗလစ်များသည် အမှုသည်၏ မရွှေ့မပြောင်းနိုင်သောပစ္စည်းရောင်းချခြင်းနှင့် ဝယ်ယူခြင်း၊ အမှုသည်၏ ငွေကြေးများ၊ ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အခြားပိုင်ဆိုင်သည့်ပစ္စည်းများအား စီမံခန့်ခွဲခြင်း၊ ဘဏ်များ၊ စုငွေများ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များစာရင်းကို စီမံခန့်ခွဲခြင်း၊ ကုမ္ပဏီများထူထောင်မှု၊ လုပ်ငန်းလည်ပတ်မှု သို့မဟုတ် စီမံခန့်ခွဲမှုများအတွက်အထောက်အကူပြုဆောင်ရွက်ချက်များကို စုရုံးစီစဉ်ခြင်း၊ တရားဝင်အသင်းအဖွဲ့များ သို့မဟုတ် အစီအစဉ်များထူထောင်ခြင်း၊ လုပ်ငန်းလည်ပတ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စီးပွားရေးလုပ်ငန်းများကို ဝယ်ယူခြင်းနှင့် ရောင်းချခြင်းတို့နှင့်စပ်လျဥ်း၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း (၈)ပါ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုအန္တရာယ်မှ ကြိုတင်ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကို လိုက်နာဆောင်ရွက်ရန် တာဝန်ရှိပါသည်။ အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်-

(က) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ တာဝန်ယူဆောင်ရွက်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ရေးအရာရှိ (Compliance Officer) အဖြစ် ရှေ့နေလုပ်ငန်းကို တစ်ဦးတည်းလုပ်ကိုင်ပါက ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေအဖွဲ့အစည်း (Law Firm) အဖြစ် လုပ်ကိုင်ပါက သီးသန့်ခန့်အပ်တာဝန်ပေးရန်၊

(ခ) အဆိုပါလုပ်ငန်းလွှဲပြောင်းဆောင်ရွက်မှုမှတ်တမ်းများကို အနည်းဆုံး နှစ်နှစ်ထိန်းသိမ်းထားရန်နှင့် သံသယရှိသောမှတ်တမ်းများကို အနည်းဆုံး ငါးနှစ်ထိ ထိန်းသိမ်းထားရန်၊

(ဂ) အကဲဖြတ်ချက်အရ အန္တရာယ်ရှိမှု အဆင့်မြင့်မားသည်ဟု ဖော်ထုတ်ရရှိပါက မိမိတို့ထံ လာရောက်ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်း (Customer Due Diligence- CDD) ဆောင်ရွက်ရန်၊

(ဃ) ပုံမှန်ဆက်သွယ်မှုမရှိသည့် ဆက်သွယ်ဆောင်ရွက်သူ(Customer)သည် တစ်ကြိမ်ဖြစ်စေ၊ တစ်ကြိမ်ထက်ပို၍ဖြစ်စေ၊ သတင်းပို့ရန် သတ်မှတ်သည့်ပမာဏ သို့မဟုတ် ယင်းထက် ပိုသောပမာဏဖြစ်သည့် လွှဲပြောင်းဆောင်ရွက်မှုရှိလာသည့်အခါ CDD ပြုလုပ်ရန်၊

(င) ဆက်သွယ်ဆောင်ရွက်သူများဆိုင်ရာ အချက်အလက်များ မှန်ကန်မှု၊ ပြည့်စုံမှု မရှိဟု သံသယရှိသည့်အခါများတွင် CDD ပြုလုပ်ရန်၊

(စ) Law Firm အနေဖြင့်ဖြစ်စေ၊ တစ်ဦးတည်းဖြစ်စေဆောင်ရွက်သည့် Compliance Officer ၏ အမည်နှင့် ရှေ့နေအဆင့်အတန်း၊ လိုင်စင်အမှတ်၊ Law Firm ဖြစ်က Law Firm အမည် သို့မဟုတ် တစ်ဦးတည်းဆောင်ရွက်ကြောင်းဖော်ပြချက်၊ လုပ်ငန်းဆောင် ရွက်နေသည့် ရုံးခန်းလိပ်စာ၊ ဆက်သွယ်ရမည့် Viber ချိတ်ဆက်ထားသည့်ဖုန်း အမှတ်နှင့် E.mail လိပ်စာတို့ကို ရှေ့နေရှေ့ရပ်နှင့်စစ်ဆေးရေးဌာနသို့ E.mail ဖြင့်လည်း ကောင်း၊ စာဖြင့်လည်းကောင်း မပျက်မကွက်ပေးပို့ရန်၊

(ဆ) Compliance Officer သည် အမှုသည်၏လွှဲပြောင်းဆောင်ရွက်မှုသည် သတင်းပို့ရန် သတ်မှတ်ထားသည့် သို့မဟုတ် ယင်းထက်ကျော်လွန်သောပမာဏဖြစ်လျှင် သို့မဟုတ် ငွေကြေး၊ ပစ္စည်းတစ်ရပ်ရပ်ကို တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည်ဟုလည်းကောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့်ဆက်နွယ်ပတ်သက်သည် ဟုသော်လည်းကောင်း၊ ယင်းသို့ဖြစ်စေရန်အားထုတ်သည်ဟုသော်လည်းကောင်း၊ သံသယဖြစ်ဖွယ်ရာအကြောင်းရှိလျှင် ငွေကြေးခဝါမှုတိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေ များ၊ အမိန့်ကြော်ငြာစာများနှင့်အညီ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ (Financial Intelligence Unit- FIU) သို့ ချက်ချင်းသတင်းပို့ရန်၊

(ဇ) ဆက်သွယ်ဆောင်ရွက်သူ၏ လွှဲပြောင်းမှုလုပ်ငန်းသည် ပြည်တွင်း/ ပြည်ပတွင် ဩဇာ တိက္ကမ ရှိသူ (သို့မဟုတ်) အပြည်ပြည်ဆိုင်ရာဩဇာတိက္ကမ ရှိသူဖြစ်ကြောင်း ယုံကြည် ရန်အကြောင်းရှိပါလျှင်သော်လည်းကောင်း၊ ဆက်သွယ်ဆောင်ရွက်သူ၏ လွှဲပြောင်း လုပ်ဆောင်မှုသည် သတ်မှတ်ပမာဏနှင့်အထက်ရှိခြင်း၊ သတ်မှတ်ပမာဏနှင့်အထက် ကျော်လွန်ခြင်း မရှိသော်လည်း သာမန်ထက်ပိုမိုထူးခြားခြင်း သို့မဟုတ် သံသယဖြစ် ဖွယ်ရှိခြင်းဖြစ်ပေါ်လာလျှင်သော်လည်းကောင်း၊ သတ်မှတ်ပမာဏနှင့် အထက်ရှိခြင်း၊ သတ်မှတ်ပမာဏနှင့်အထက်ညီမျှသော အခြားနိုင်ငံခြားငွေရှိခြင်းဖြစ်ပေါ်လာလျှင် သော်လည်းကောင်း FIU သို့ ချက်ချင်း **လျှို့ဝှက်** သတင်းပို့ရန်၊

(ဈ) ကြီးကြပ်ရေးအာဏာပိုင်မှ အခါအားလျော်စွာ ထုတ်ပြန်သည့် လမ်းညွှန်ချက်များအား လိုက်နာဆောင်ရွက်ရန်၊

၆။ သို့ဖြစ်ပါ၍ ရွှေ့နေရွှေ့ရပ်များသည် ရွှေ့နေရွှေ့ရပ်နှင့် နိုတြီပဗ္ဗလစ်များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၏ ၁၈-၁၂-၂၀၁၉ ရက်စွဲပါ ကြေညာချက်နှင့် ဤကြေညာချက်တို့နှင့်အညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်နှင့် အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးအပ်ပါသည်။

**သတင်းပေးပို့ရန်**

ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ရုံး၊ ကျွန်းရွှေမြိုင်လမ်း၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

၀၆၇-၃ ၄၂၁ ၆၇၁

FIU E-mail; reporting@myanmarfiu.com

MFIU Viber 09251155033

**ကြီးကြပ်ရေးအာဏာပိုင်ထံ ဆက်သွယ်ရန်**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ရုံးအမှတ် - ၅၄၊ နေပြည်တော်

ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ရွှေ့နေရွှေ့ရပ်နှင့် စစ်ဆေးရေးဌာန

၀၆၇-၃ ၄၃၀ ၄၂၄

၀၉-၄၅၉ ၁၄၉ ၈၄၄

E.mail; LIDP@usc.gov.mm

ကြီးကြပ်ရေးအာဏာပိုင်
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်။